ရန္တပိုစာချုပ်ကြီး ၁၁ ခန်း

ဣန္ဒိယာတိုင်းကိုအစိုးရသော။အင်္ဂလိပ်ကုမ္ပဏီကိုရှင်ဘုရင်က။ခန့်ထားသောအရေးပိုင်ဗိုလ်ချုပ်မင်းကြီး။မှူးကြီးမတ်ကြီးအာချိ ဘောကံဘကဲ။အရေးပိုင်ရောဘတ်စိ။ဧရာဝတီမြစ်တွင်ရှိသော။အင်္ဂလိပ်တို့က။သင်္ဘောနှံများကိုအုပ်စိုးသော။မင်းစပ်တိချိဒ်။ မြန်မာရှင်ဘုရင်ကခန့်ထားသော။လယ်ကိုင်းမြို့စားဝန်ကြီး။မဟာမင်းလှကျော်ထင်။ရွှေခွန်ဝန်အတွင်းဝန်။မင်းကြီးမဟာမင်းလှသီဟသူတို့က။ဘက္ကရာဇ် ၁၁၈၈ ခု။တပေါင်းလပြည့်ကျော် ၄ ရက်နေ့။ရန္တပိုရွာမှာတွေ့ကြ။ကုမ္ပဏီမင်း။မြန်မာရှင်ဘုရင်။အချင်းချင်းစစ်ငြိမ်းကြ။မိဿဟာယဖွဲ့သောစာချုပ်ကား

ပဌမ	၁	မှါ။အင်္ဂလိပ်ကုမ္ပဏီမင်းနှင့်။မြန်မာရှင်ဘုရင်တို့သည်။စစ်ငြိမ်းကြ။မိဿဟာယအစဉ်အဆက်ဖြစ်စေ
ဒုတိယ	၁	မှါ။မြန်မာရှင်ဘုရင်က။အာသံပြည်။ကက္ကပတ်ပြည်။ဇေယန္တီပြည်တို့ကိုအစိုးမပိုင်။နောင်တတန်မစိုးရ။မဏိပူရမြို့မှာလည်း။ဂမ္ဘီရရှင်တို့သည်။ဆိုခဲ့ပြည်သို့ပြန်ကျ။မင်းပြုလုပ်နေလိုလျှင်။မြန်မာရှင်ဘုရင်က။အတားအဆီးအနှောင့်အရှက်မပြုရ။နေစေရမည်
တတိယ	၁	မှါ။နောင်တတန်ပြည်ကြီးနှစ်ပြည်။အပိုင်းအခြားကို။ငြင်းခုံရန်အကြောင်းမရှိရအောင်။အင်္ဂလိပ်မင်းသည်။တိုက်ကျသောင့်ခွဲပြီးသော။ရခိုင်။ရမ်းဗြဲ။မော်နံ။သံတွဲတည်းဟူသော။ရခိုင်ပြည်ကြီးကိုယူကျ။မြန်မာရှင်ဘုရင်သည်အစိုးမပိုင်ရ။ယိုးမပိုးတောင်တော်တန်းမော်က[illegible]ကြီးထိ။[illegible]ကြားအပိုင်းအခြားဖြစ်စေ။နောင်မှအပိုင်းအခြားကိုငြင်းခုံရန်ရှိလျှင်။အင်္ဂလိ[illegible]မြန်မာမင်း။ခန့်ထားသောသူတို့သည်အထက်နယ်နိမိတ်အတိုင်း။ပြန်ကန့်ခွဲစီရင်စေ။ခန့်ထားသောသူတို့လည်း။အရည်ရှိဖြူမည့်သူကောင်းဖြစ်စေရမည်
စတုတ္ထ	၁	မှါ။မြန်မာရှင်ဘုရင်သည်။အင်္ဂလိပ်ကို။ရေး။ဓားဝယ်။မြိတ်။တနင်္သာရီမြို့ရွာ။နယ်နိမိတ်တောင်ကမ်းကျွန်းများနှင့်တကွအပိုင်ပေးသည်။သံလွင်မြစ်သည်အပိုင်းအခြားဖြစ်ရမည်။နောင်မှအပိုင်းအခြားကိုငြင်းခုံရန်ရှိလျှင်။အထက်ဆိုခဲ့ပြီးသည်အတိုင်းစီရင်စေ
ပဉ္စမ	၁	မှါ။မြန်မာရှင်ဘုရင်သည်။ပြည်ကြီးနှစ်ပြည်။အစဉ်မိတ်သဟာယဖွဲ့စေခြင်းသော။စေတနာအလိုတော်ရှိခြင်းငှါ။အင်္ဂလိပ်မင်းစစ်တိုက်ကျ။ကုန်ခဲ့ပြီးသောစရိတ်အတွက်။အနည်းငယ်ပြေရအောင်။ဒင်္ဂါး[illegible]ရူပီများရေ။တကုဋေကိုပေးရမည်။
ဆဋ္ဌ	၁	ယခုစစ်ဖြစ်ကြသည်အတွင်း။ကုလားအက်သို့ဝင်စားသည်မြန်မာ။မြန်မာအက်သို့ဝင်စားသည်ကုလားတို့မှာ အလိုလိုဝင်စားစေ။အကအသယ်သူမျှတဘက်က။တဘက်သို့ဝင်စားသည်အတွက်။ဂါဇဝတ်မခံအနှောင့်အရှက်မရှိစေရ
သတ္တမ	၁	မှါ။ပြည်ကြီးနှစ်ပါး။ယခုဖွဲ့သောမိတ်သဟာယမြဲစေခြင်းငှါ။အင်္ဂလိပ်မင်းခန့်ထားသော။အရေးပိုင်တယောက်။အခြွေအရံလူ ၅၀။လက်နက်ကိုင်ယာအစုံနှင့်။မြန်မာဘုရင်မြို့တော်မှာနေစေ။ငနှင့်ညီ မြန်မာမင်းကခန့်ထားသောအရေးပိုင်တယောက်။အခြွေအရံလူ ၅၀။လက်နက်ကိုင်ယာအစုံနှင့်။ကုမ္ပဏီမြို့တော်မှာနေစေ။ကုလားပြည်

RG 1/1(A)
74 (2)
Acc: 1483

75 (m)

ကျနေသော မြန်မာ။ မြန်မာပြည် ကျနေသော ကုလားတို့သည်။ မိမိတို့ နေရာတို့။ အတော်အသင့် တိုက်အိမ်ကို ဝယ်လို၍ ဝယ်နေစေ။ အသင့်တည် လုပ်လို၍လည်း လုပ်ဆောင်နိုင်ငံ ကျ။ အကျိုးစီးပွါး ဖြစ်ထွန်းစေခြင်းငှါ။ ငွေလမ်း ငွေလမ်း ဖွင့်၍။ အချင်းချင်း သဘောကား ရောင်းဝယ်ခြင်း အမျိုးအရေးများနှင့် ဆိုင်သော စာချုပ်ကို။ ဝယ်၍ လုပ်စေရမည်

အဋ္ဌမ ၁ ချက်။ စစ်မပေါ် မတိုက်ကျိ။ ကြွေးပေါင်း ဖြိုးပေါင်း ရှိသူများ။ မင်းအရာရှိ ဖြစ်သည်ဖြစ်စေ။ ဆင်းရဲသား ဖြစ်သည်ဖြစ်စေ။ သစ္စာရှိသည် အတိုင်း။ ကျွန်ခံသော ငွေပေးစေရမည်။ ကြောင်းတင် သည်နှင့်။ စစ်ဖြစ်သည် ဆိုလျှင်။ မကာပ်မရှိစေရ။ စစ်တိုက်သော အမှုကြောင်း။ အသာသာ သူများ။ ကုလားဖြစ်စေ။ မြန်မာဖြစ်စေ။ အမှုသည်ကို သိန်းသပ္ပါယ မရှိစေရ။ အင်္ဂလိပ်မှ ဆောင်ရွက်ကျွန်ဖြစ်သူတို့သည်။ မြန်မာနိုင်ငံတွင် သော်။ အမှုခံမရှိလျှင်။ ကျွန်ရစ်သော ပစ္စည်းပစ္စည်းကို။ မြန်မာနိုင်ငံတွင် နေသော။ အင်္ဂလိပ်မင်း အရေးပိုင် လက်သို့ အပ်ရမည်။ ကုလားဖြူ ထုံးစံ အတိုင်း ဝေပ်ရမည်။ တို့နည်းတူ။ မြန်မာ ရှင်ဘုရင် ကျွန်ဖြစ်သူတို့သည်။ အင်္ဂလိပ်နိုင်ငံတွင် သော်။ အမွေခံမရှိလျှင်။ ကျွန်ရစ်သော ပစ္စည်းပစ္စည်းကို။ အင်္ဂလိပ်နိုင်ငံတွင် နေသော။ မြန်မာမင်း အရေးပိုင် လက်သို့ အပ်ရမည်

နဝမ ၁ ချက်။ အင်္ဂလိပ်သင်္ဘောများ။ မြန်မာမင်း ဆိပ်သို့ ဝင်ရောက်လျှင်။ တကာမမြတ်။ အမြဲမချဘ်။ နေသကဲ့သို့ အင်္ဂလိပ်မြို့ ဆိပ်သို့ ဝင်ရောက်သော။ မြန်မာသင်္ဘောသည်လည်း။ အနှောင့်အရှက်မရှိဘဲ။ နေစေရမည်

ဒသမ ၁ ချက်။ အင်္ဂလိပ်မင်းနှင့်။ မိတ်သဟာယ ဖွဲ့သော။ များသော နိုင်ငံရှင်ဘုရင်သည်။ အင်္ဂလိပ်အကျိုးစစ်ကျကျ။ ဝင်ဆောင်ရွက်လုပ်ကြသော မိတ်သဟာယ။ စာချုပ်အဝင် ဖြစ်သည်ကို မှတ်ရမည်

ဧကာဒသမ ၁ ချက်။ ယခုလုပ်သော မိတ်သဟာယ စာချုပ်ကို။ မြန်မာခန့်ထားသော အရေးပိုင် သံတော်မန်တို့သည်။ လက်မှတ် တံဆိပ်ခတ်ရမည်။ အချုပ်အခြာ ရှိသော အင်္ဂလိပ်။ အဝေရုံတော်စ ရှိသော ကုလားဖြူ။ ကုလားနက် ရှိသူတို့ကို အင်္ဂလိပ် အရေးပိုင် သံတော်မန်တို့ လက်မှတ်ထိုးရမည်။ ငါးလပြည့် ယခင်ကို အစိုးရသော ကျွန်တော်ဘုရင် ဆွာ ဝန်ဆင်ရာ။ လက်မှတ် တံဆိပ်ခတ်သော စာချုပ်ကို။ ၄လအတွင်း။ မြန်မာ ရှင်ဘုရင် လက်တော်သို့ ပြန်၍ ပေးလိုက်ရမည်။ အင်္ဂလိပ်မင်း ချုပ်ထားသော။ မြန်မာလူ ရှိသူတို့ကို။ အင်္ဂလိပ်ပြည်မှ အလျှင်အမြန် ပေးပို့ ၍။ မြန်မာမင်း လက်သို့ အပ်ရမည်။

75(2)
RS 1/1(A)
Acc: 1483

Digitized

နေ့စဉ်[illegible]

နေ့စဉ်[illegible]

အင်္ဂလိပ်အရေးပိုင်။ [illegible]
သည်။ [illegible]
[illegible] မြန်မာ [illegible] ငွေ [illegible]
သည်။ [illegible]
အင်္ဂလိပ်[illegible] မြန်မာ[illegible]
ငွေ[illegible] မြန်မာ[illegible] ။ အင်္ဂလိပ်အရေးပိုင်ထံပေးရသည်